# ကမ်းခြေ လုံခြုံရေး မြန်မာ

SURF LIFE SAVING QUEENSLAND

Surf lifesavers and lifeguards prominently display flags and warning signs to indicate the safest areas to swim for the beach going public.

လိုင်းစီး ကယ်ဆယ်သူ နှင့် အသက်စောင့်သူတို့သည် ကမ်းခြေလာ ပြည်သူများအတွက် ရေကူးရန် အလုံခြုံဆုံး နေရာများကို ညွှန်ပြထားသည့် အလံများ နှင့် သတိပေးသင်္ကေတများကို အထင်အရှား ပြသထားကြပါသည်။

The easy way to stay safe at the beach is to remember the 'FLAGS' message

ကမ်းခြေမှာ လုံခြုံစွာ ရှိနေရေးအတွက် လွယ်သည့်နည်းမှာ'အလံများ'၏ သတိပေးချက်ကို မှတ်မိနေပါ

## F

Find the flags and swim between them

**FIND အလံများကို လိုက်ရှာလျက် ၎င်းတို့အကြားမှာ ရေကူးပါ**

အနီ နှင့် အဝါရောင် အလံများသည် ကယ်ဆယ်သူများ နှင့် အသက်စောင့်ရှောက်ကြသူတို့ ကင်းလှည့်ကြသည့် နေရာများကို ပြသကြပါသည်။ ကမ်းခြေက ရေကူးဖို့ အလုံခြုံဆုံး နေရာကို ၎င်းတို့ဖြင့် မှတ်ပေးထားသည်။

## L

Look at and read the safety signs

**LOOK လုံခြုံရေး သင်္ကေတများကို ရှာကြည့်လျက် ဖတ်ပါ**

လုံခြုံရေး သင်္ကေတများသည် ကမ်းခြေမှာ ရှိနိုင်သည့် အန္တရာယ်များ နှင့် နေ့စဉ် အခြေအနေများကို ခွဲခြားသိနိုင်အောင် သင့်ကို ကူပေးကြသည်။ ကမ်းခြေကို ချဉ်းကပ်ရာ နေရာများ နှင့် အလံထူထားသည့် နေရာများမှာ သင်္ကေတများကို ချပြထားပါသည်။ ကျေးဇူးပြုပြီး ရေထဲ မဆင်းခင် ၎င်းတို့ကို ဂရုတစိုက် ဖတ်ပါ။

## A

Ask a lifesaver or lifeguard for some good safety advice

**ASK ကယ်ဆယ်သူ သို့မဟုတ် အသက်စောင့်ရှောက်သူထံမှ ဘေးကင်းလုံခြုံရေး အကြံဉာဏ်ကို တောင်းပါ**

ရေလိုင်း အခြေအနေများ (ရေ အနက်၊ ရေစီးကြောင်းများ၊ လိုင်းအရွယ်အစား နှင့် ပုံစံ) မှာ လျင်မြန်စွာ ပြောင်းလဲနိုင်သည်။ ရေထဲကို မဆင်းမီမှာ ကယ်ဆယ်သူ နှင့် အသက်စောင့်ရှောက်ပေးသူတို့ကို မေးမြန်းကြည့်ပါ။

## G

Go swimming with a friend

**GO သူငယ်ချင်းတစ်ဦးနှင့်အတူ ရေးကူးရန်သွားပါ**

အမြဲတမ်း မိတ်ဆွေနှင့် အတူ ရေကူးခြင်းဖြင့် တစ်ဦးက တစ်ဦး၏ လုံခြုံမှုကို စောင့်ကြည့်ပေးနိုင်ပြီး လိုအပ်လျှင် ကူပေးနိုင်သည်။ ကလေးများကို သက်ကြီး တစ်ဦး အစဉ် စောင့်ကြပ်ပေးရပါမည်။

## S

Stick your hand up for help

**STICK အကူအညီလိုလျှင် သင်၏ လက်ကို ထောင်ထားပါ**

သင်သည် ရေထဲရှိနေစဉ် ပြဿနာကြုံလာခဲ့သော်၊ စိတ်ကို တည်ငြိမ်အောင်ထားပါ။ သင်၏ လက်ကို ထောင်ပြလျက် အကူအညီ လိုကြောင်းကို ပြသပါ၊ မျောနေရင်း လာကူမှာကို စောင့်ဆိုင်းပါ။ ရေစီးကြောင်းနှင့်အတူ ဖြစ်စေ၊ လိုင်းနှင့်အတူဖြစ်စေ ရေထဲမျောနေပါ။ ၎င်းကို ဆန့်ကျင်ပြီး ရေကူးရန် မကြိုးစားပါနှင့်။

## အလံနီနှင့် အလံဝါများအကြားတွင် အမြဲတမ်း ရေကူးပါ

ALWAYS SWIM BETWEEN THE RED AND YELLOW FLAGS

# ကမ်းခြေ လုံခြုံရေး မြန်မာ

QUEENSLAND



Red and Yellow Flags

**အနီ နှင့် အဝါရောင် အလံများ** အလုံခြုံဆုံး ရေကူးရန်နေရာကို ညွှန်ပြကြလျက် ၎င်းသည် လိုင်းစီး ကယ်ဆယ်သူများ နှင့် အသက်စောင့်ရှောက်သူများ ကင်းလှည့်နေရာလည်း ဖြစ်သည်။




Yellow Flag

**အဝါရောင် အလံများ** သတိ - အခြေအနေများမှာ အန္တရာယ်ရှိနိုင်ဖွယ် ဖြစ်သော်လည်း၊ ရေကူးရန်အတွက် လုံခြုံပါသေးသည်။




Red Flag

**အနီရောင် အလံများ** အန္တရာယ် - ရေထဲကို မဆင်းပါနှင့်။
အလံနီကို ထောင်ထားသည့်အခါမှာ၊ ကမ်းခြေကို ရေကူးမရ၊ ပိတ်ထားသည်။



Red and White Quartered Flag

**အနီ နှင့် အဖြူ လေးထောင့်ကွက်များ** အရေးပေါ် စွန့်ခွာရန်လို - ရေကိုစွန့်ပြီး ချက်ချင်းထွက်ပါ။ အန္တရာယ်အလားအလာ ရှိသောကြောင့် ရေကူးသူတို့ကို ရေထဲက စွန့်ထွက်ကြရန် ဤအလံကို လွှင့်တင်လျက် ဥဩသံဖြင့် အချက်ပေးမည်။ အခြေအနေ အတော်များများမှာ ကယ်ဆယ်ကြသူများ နှင့် အသက်စောင့်ရှောက်ကြသူတို့သည် လူထုကယ်ဆယ်ရေးကို လုပ်ကိုင်နေကြလိမ့်မည် သို့မဟုတ် အန္တရာယ်ရှိသော ပင်လယ်ရေသတ္တဝါကို မြင်တွေ့ရအောင် ရှာဖွေဖေါ်ထုတ်ပေးကြလိမ့်မည်။



Black and White Flag

**အလံမည်းနှင့် အလံဖြူ** ဘုတ်စီး နေရာ - ရေလိုင်းစီးဘုတ်ကို စီးကြသူများသည် အနီ နှင့် အဝါရောင် အလံများ၏ ပြင်ပတွင် နေရမည်။



Dangerous currents

**အန္တရာယ်ရှိ ရေစီးကြောင်းများ**
အန္တရာယ်များသည့် ရေစီးကြောင်းများ ရှိနေကြသည်




Marine stingers

**ပင်လယ် အဆိပ်အတောက်ကောင်များ**
ရေထဲမှာ အန္တရာယ်ရှိကြသည့် အဆိပ်အတောက်ကောင်များ ရှိနေကြသည်



Crocodiles

**မိကျောင်းများ**
ဤနေရာမှာ မိကျောင်း(များ)ကို မြင်ခဲ့ကြသည်



Sharks

**ငါးမန်းများ**
ဤနေရာမှာ ငါးမန်း(များ)ကို မြင်ခဲ့ကြသည်



Bluebottles

**ယင်မမဲရှိင်းများ**
ယင်မမဲရှိင်းကောင်များ ရှိနေကြသည်



High surf

**ကမ်းခတ်လိုင်း မြင့်မား**
ကမ်းခတ်လိုင်းမှာ ကြီးလှပြီး အန္တရာယ်ပြုနိုင် သို့မဟုတ် ဒဏ်ရာရစေနိုင်သည့် ရိုက်ပုတ်ချနိုင်မည့် လိုင်းများ ရှိနေကြသည်



No swimming

**ရေမကူးရ**



Always swim between the red and yellow flags

**အလံနီနှင့် အလံဝါများအကြားတွင် အမြဲတမ်း ရေကူးပါ**